စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# စိုက်ပျိုးစီးပွားသတင်းလွှာ

## (၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ)

အပတ်စဉ်သတင်းလွှာ အမှတ်စဉ် – ၃၅ မှ ၃၈ /၂၀၂၂ ထိအား စုစည်းတင်ပြပါသည်။

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၅ / ၂၀၂၂)                    ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၈) ရက်

| ၈-၉-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၁၀၂.၉ |
| စင်္ကာပူဒေါ်လာ | ၁၄၉၄.၇ |
| စတာလင်ပေါင် | ၂၄၁၆.၅ |
| ဂျပန်ယန်း (၁၀၀) | ၁၄၆၀.၂ |
| တရုတ်ယွမ် | ၃၀၁.၈၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၂ |
| အိန္ဒိယရူပီး | ၂၆.၃၅၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၁.၇၃ |
| မလေးရှား ရင်းဂစ် | ၄၆၆.၅၆ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၈၁၉ |
| ထိုင်းဘတ် | ၅၇.၇၀၀ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၉၁၆၄ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

- ဂျာမနီနိုင်ငံ ချူကလီးယားစွမ်းအင်စက်ရုံများ ဆက်လက်လည်ပတ်ရန် စီစဉ်ဆောင်ရွက်
- အီးယူဒေသ စက်သုံးဆီ စျေးနှုန်းများ
- အီးယူနှင့် ထိုင်းနိုင်ငံအကြား သဘောတူညီချက်များရေးထိုးရန် စီစဉ်ဆောင်ရွက်ခြင်း
- မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံကုန်သွယ်မှုအခြေအနေ
- ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအတွက် စားနပ်ရိက္ခာစျေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

## ဂျာမနီနိုင်ငံ နျူကလီးယားစွမ်းအင်စက်ရုံများ ဆက်လက်လည်ပတ်ရန် စီစဉ်ဆောင်ရွက်

ဂျာမနီနိုင်ငံတွင် ပတ်ဝန်းကျင်နှင့်ရာသီဥတုဆိုင်ရာထိခိုက်မှုများကို ကာကွယ်ရန် ယခုနှစ် ကုန်ပိုင်းတွင် လည်ပတ်မှုများရပ်နားရန်စီစဉ်ထားသည့် နျူကလီးယားစွမ်းအင်စက်ရုံ (၂)ခုအား ဆောင်းရာသီကာလ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်နှင့် အရန်စွမ်းအင်အနေဖြင့် ထားရှိနိုင်ရန်အတွက် ဆက်လက်လည်ပတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ၅.၉.၂၀၂၂ ရက်နေ့ကထုတ်ပြန်ကြေငြာခဲ့သည်။ **Deputy Chancellor** ဖြစ်သူ **Mr.Robert Habeck** က နျူကလီးယားစွမ်းအင်စက်ရုံ (၂)ခုအား ၂၀၂၃ ခုနှစ် ဧပြီလအထိ ဆက်လက်လည်ပတ် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လာမည့်နှစ်အတွင်း ဓါတ်အားလိုင်းများပေးဝေမှုပိုင်းတွင် အခက်အခဲများစွာမရှိနိုင်ကြောင်း၊ လက်ရှိနိုင်ငံအတွင်း စွမ်းအင်ရရှိပေးဝေနိုင်မှုဆိုင်ရာ လုံခြုံမှုအဆင့်အတန်းမြင့်မားပြီး ပါဝါဂရစ်လိုင်းများမှာလည်း တည်ငြိမ်ကောင်းမွန်သည့် အနေအထားတွင်ရှိနေကြောင်း ပြောကြားခဲ့ပါသည်။

ဂျာမနီနိုင်ငံတွင် **Energy policy** အရ နျူကလီးယားစွမ်းအင် အသုံးပြုမှုရပ်နားမည့် အစီအစဉ်ကို ၂၀၁၁ ခုနှစ်ကတည်းကပင် ဆောင်ရွက်လာခဲ့ခြင်းဖြစ်ပါသည်။ ယခု ဆက်လက်လည်ပတ်မည့် နျူကလီးယားစွမ်းအင်စက်ရုံ (၂)ခုသည် ဂျာမနီနိုင်ငံ တောင်ပိုင်းရှိ စတုဂတ်ဒေသ၏ မြောက်ဘက်ရှိ **Bavaria's Isar 2** နှင့် **Neckarwestheim 2 station** တို့ဖြစ်ကြပါသည်။ အဆိုပါစက်ရုံ(၂) ခု ဆက်လက်လည်ပတ်ခြင်းနှင့်ပတ်သက်၍ ဝေဖန်မှုများရှိနေပြီး အစိုးရဘက်က အချိန်ကာလကြာရှည်စွာ လည်ပတ်သွားရန် အစီအစဉ်မရှိကြောင်း၊ ယခု လိုအပ်နေချိန်တွင် အသုံးပြုရန်စီစဉ်ခြင်းဖြစ်ကြောင်းထုတ်ပြန်ခဲ့ပါသည်။ လက်ရှိရုရှားနိုင်ငံ၏ **Nord Stream 1 pipeline** မှ တဆင့်ရယူနေသော ဂက်စ်ဖြန့်ဝေနေမှုများကို ပိုက်လိုင်းအတွင်းကိရိယာများ လုပ်ဆောင်မှုပိုင်းယိုယွင်းမှုများကြောင့် ရပ်ဆိုင်းထားပြီး ပြန်လည်စတင်နိုင်မည့်အချိန်ကို သေချာမပြောနိုင်ကြောင်း ရုရှားနိုင်ငံပိုင် **Gazprom Company** က ၂.၉.၂၀၂၂ ရက်နေ့က ပြောဆိုခဲ့သည်။

ဂျာမနီနိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ ဩဂုတ်လတွင် (၈) ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး ဂျာမန်ဖက်ဒရယ်အစိုးရက ဈေးနှုန်းများမြင့်တက်မှုနှင့် စွမ်းအင်ကဏ္ဍ အခက်အခဲများကို ဖြေရှင်းနိုင်ရန် **relief package** အနေဖြင့်ယူရို (၆၅)ဘီလီယံကို ခွင့်ပြုပေးရန် ၄.၉.၂၀၂၂ ရက်နေ့ကသဘောတူခဲ့သည်။ ရုရှားနိုင်ငံမှ လောင်စာစွမ်းအင် တင်သွင်းမှုကျဆင်းလာခြင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် နွေရာသီကာလအတွင်း မြစ်များတွင် ရေမှတ်များနိမ့်ကျမှုဖြစ်ပေါ်ခြင်းတို့ကြောင့် လာမည့်ဆောင်းရာသီအတွက် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓါတ်အားနှင့် အပူပေးမှုစနစ်များအတွက် စွမ်းအင်လိုအပ်ချက်များရှိနေပြီး

ဖက်ဒရယ်အစိုးရအနေဖြင့် စွမ်းအင်ရရှိနိုင်မည့် မိတ်ဖက်များ၊ အခြားအရင်းအမြစ်များကို ချိတ်ဆက်ဆောင်ရွက်လျှက် ရှိပါသည်။

Sources:https://www.dw.com/en/germany-dispute-over-nuclear-reserve deepens/a-63047247

https://www.dw.com/en/germanys-government-agrees-on-65-billion-relief-package-amid-soaring-energy-prices/a-63013937

https://www.dw.com/en/nord-stream-1-russias-gazprom-announces-indefinite-shutdown-of-pipeline/a-63006660

**သီတာဝင်းငွေး၊ စီးပွားရေးသံမှူး**
**ဘာလင်**

……………………………………………………………..

## အီးယူဒေသ စက်သုံးဆီ ဈေးနှုန်းများ

ဥရောပကော်မရှင်က အပတ်စဉ်ထုတ်ပြန်သော ၅.၉.၂၀၂၂ ရက်နေ့ရှိ အီးယူ(၂၇)နိုင်ငံရှိ Eurosuper 95 နှင့် ဒီဇယ်ဆီတို့၏ တစ်လီတာ စက်သုံးဆီ ဈေးနှုန်းများ (အခွန်ပေးဆောင်မှု အပါအဝင်) မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ယခင်လဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် Euro super 95 ဈေးနှုန်းများကျဆင်းမှုရှိသော်လည်းဒီဇယ်ဆီဈေးနှုန်းများမှာ မြင့်တက်လာမှုများရှိကြောင်း၊ ဂျာမနီနိုင်ငံတွင်မူ နှစ်မျိုးလုံးအတွက် ဈေးနှုန်းများသိသာစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်-

gas prices

| Eurosuper 95 | | |
|---|---|---|
| **EU – state** | **Euro per liter as of August 15, 2022** | **Euro per liter as of September 5, 2022** |
| **Hungary** | 1.29 | 1.29 |
| **Malta** | 1.34 | 1.34 |

| | | |
|---|---|---|
| **Poland** | 1.46 | 1.38 |
| **Bulgaria** | 1.59 | 1.54 |
| **Croatia** | 1.55 | 1.53 |
| **Slovenia** | 1.57 | 1.52 |
| **Romania** | 1.65 | 1.64 |
| **Luxembourg** | 1.64 | 1.61 |
| **Cyprus** | 1.62 | 1.55 |
| **Germany** | **1.77** | **2.07** |
| **Czech Republic** | 1.67 | 1.64 |
| **Slovakia** | 1.73 | 1.73 |
| **Lithuania** | 1.76 | 1.73 |
| **France** | 1.78 | 1.62 |
| **Belgium** | 1.74 | 1.69 |
| **Italy** | 1.77 | 1.75 |
| **Latvia** | 1.83 | 1.79 |
| **Portugal** | 1.79 | 1.72 |
| **Spain** | 1.80 | 1.78 |
| **Estonia** | 1.90 | 1.90 |

Agribusiness & Trade

| | | |
|---|---|---|
| Austria | 1.76 | 1.74 |
| Ireland | 1.88 | 1.85 |
| Sweden | 1.87 | 1.79 |
| Netherlands | 2.06 | 2.01 |
| Greece | 2.04 | 2.00 |
| Finland | 2.12 | 2.08 |
| Denmark | 2.12 | 2.04 |

Diesel prices

| diesel fuel | | |
|---|---|---|
| EU country | Euro per liter as of August 15, 2022 | Euro per liter as of September 5, 2022 |
| Malta | 1.21 | 1.21 |
| Hungary | 1.55 | 1.66 |
| Poland | 1.52 | 1.61 |
| Bulgaria | 1.68 | 1.67 |
| Slovenia | 1.72 | 1.73 |
| Romania | 1.78 | 1.83 |
| Luxembourg | 1.72 | 1.83 |
| Lithuania | 1.76 | 1.84 |

Agribusiness Trade

| | | |
|---|---|---|
| **Portugal** | 1.73 | 1.83 |
| **Czech Republic** | 1.74 | 1.85 |
| **Italy** | 1.76 | 1.84 |
| **Latvia** | 1.78 | 1.84 |
| **Croatia** | 1.76 | 1.79 |
| **Slovakia** | 1.77 | 1.82 |
| **France** | 1.79 | 1.78 |
| **Spain** | 1.81 | 1.92 |
| **Greece** | 1.81 | 1.94 |
| **Cyprus** | 1.87 | 1.82 |
| **Estonia** | 1.80 | 1.90 |
| **Germany** | **1.92** | **2.16** |
| **Belgium** | 1.88 | 2.02 |
| **Austria** | 1.77 | 1.90 |
| **Ireland** | 1.89 | 1.96 |
| **Netherlands** | 1.94 | 2.05 |
| **Denmark** | 1.97 | 2.07 |
| **Finland** | 2.08 | 2.15 |

Agribusiness & Trade

| | | |
|---|---|---|
| **Sweden** | 2.26 | 2.30 |

Source: https://www.destatis.de/Europa/DE/Thema/Verkehr/kraftstoffpreise.html
သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

………………………………………………………………

## အီးယူနှင့် ထိုင်းနိုင်ငံအကြား သဘောတူညီချက်များရေးထိုးရန် စီစဉ်ဆောင်ရွက်ခြင်း

အီးယူနှင့် ထိုင်းနိုင်ငံအကြား မိတ်ဘက်ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (Partnership and Cooperation Agreement –PCA) နှင့် အီးယူ–ထိုင်းလွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် (EU–Thailand Free Trade Agreement –ETFTA) တို့ကို ၂၀၁၃ ခုနှစ် အတွင်းစတင်ခဲ့ပြီးနောက် ရပ်နားမှုများရှိခဲ့ပြီး ၂၀၁၉ ခုနှစ်အတွင်း ပြန်လည်အစပျိုးဆွေးနွေးမှု များရှိလာခဲ့သည်။ PCA အတွက် ၂၀၂၁ ခုနှစ် ဇူလိုင်လနှင့် ယခုနှစ် ဇွန်လတို့တွင် အပြီးသတ် ဆွေးနွေးမှုများရှိထားပြီး အီးယူနိုင်ငံခြားရေး နှင့်ကာကွယ်ရေးမူဝါဒဆိုင်ရာ တာဝန်ရှိသည့် European External Action Service (EEAS) ဌာနက PCA သည် နိုင်ငံရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများနှင့် နှစ်ဦးနှစ်ဘက်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် roadmap တစ်ခုအနေဖြင့် တိုးမြှင့်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ PCA အတွက် ဖွဲ့စည်းဆောင်ရွက်မှုပိုင်း လက်မှတ်ရေးထိုးရန် ရှိသည်များဆက်လက် ဆောင်ရွက်သွား ရန်ရှိကြောင်း ထိုင်းနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကြီးကလည်း ပြောကြားခဲ့ပါသည်။

PCA သဘောတူညီချက်သည် နှစ်ဘက်စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများ အတွက် တွန်းအားပေးမှုတစ်ခုဖြစ်စေပြီး အရှေ့တောင်အာရှဒေသတွင် အီးယူ၏အခန်းကဏ္ဍမြှင့် တင်ရန်အတွက် အရေးပါမှုတစ်ရပ်လည်းဖြစ်ကြောင်း ထိုင်းနိုင်ငံရှိ European Association for Business and Commerce ၏ Executive Director ဖြစ်သူ Guillaume Rebiere က ပြောကြားခဲ့သည်။ Natixis investment management firm မှ senior economist ဖြစ်သူ Trinh Nguyen ကလည်း ထိုင်းနိုင်ငံအနေဖြင့် လက်ရှိတွင် ကုန်သွယ်မှု၌ အမေရိကန်နှင့် တရုတ် နိုင်ငံတို့မှာ အကြီးမားဆုံး မိတ်ဘက်နိုင်ငံ (၂) ခုဖြစ်ပြီး အီးယူဒေသတွင် ဈေးကွက်သစ်ချဲ့ထွင်ရန် နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန် မဟာဗျူဟာတစ်ရပ်အဖြစ် ဆောင်ရွက်နေပြီး အီးယူအနေဖြင့်လည်း တရုတ်နိုင်ငံအား ယှဉ်ပြိုင်ဘက်တစ်ဦးအဖြစ် ရှုမြင်လာသည့်အနေအထား

တွင်ရှိနေကြောင်း၊ သဘောတူညီချက်များ ရေးထိုးဆောင်ရွက်မှုသည် ထိုင်းနိုင်ငံတစ်ခုတည်းနှင့် မဟုတ်ဘဲ အခြားအရှေ့တောင်အာရှဒေသနိုင်ငံများနှင့် ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားရန် ရည်ရွယ်ကြောင်း၊ လေ့လာသုံးသပ်ပြောကြားပါသည်။ အီးယူနှင့် ထိုင်းနိုင်ငံအကြား ကုန်သွယ်မှု ပမာဏသည် ၂၀၂၀ ခုနှစ်တွင် (၂၉.၃) ဘီလီယံမှ ၂၀၂၁ ခုနှစ်တွင် ယူရို (၃၅.၄)ဘီလီယံရှိခဲ့ပြီး အီးယူသည် ထိုင်းနိုင်ငံအတွက် ဂျပန်နိုင်ငံပြီးလျှင် ဒုတိယအကြီးဆုံး ရင်းနှီးမြှုပ်နှံသူလည်း ဖြစ်ပါသည်။

အီးယူနှင့် ထိုင်းနိုင်ငံအကြား PCA သဘောတူညီချက် အပြီးသတ်ဆောင်ရွက်ပြီးပါက FTA ဆွေးနွေးမှုများသို့ ရောက်ရှိရန်နီးစပ်နေပြီး ထိုင်းနိုင်ငံသည် အီးယူအတွက် အရှေ့တောင်အာရှဒေသနိုင်ငံများအနက် စင်္ကာပူနှင့် ဗီယက်နမ်နိုင်ငံပြီးလျှင် တတိယမြောက် FTA ရေးထိုးဆောင်ရွက်မည့်နိုင်ငံဖြစ်လာမည့်အလားအလာတွင် ရှိနေပါသည်။ စင်္ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့သည် အီးယူနှင့် Investment Protection Agreement(IPA) ကို အတည်ပြုနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ အီးယူသည် အခြားအာဆီယံနိုင်ငံများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံများနှင့်လည်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ထားပြီး အချို့မှာဆက်လက်ညှိနှိုင်းနေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် Investment Protection Agreement(IPA) ကို ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ရပ်နားထားမှုရှိပါသည်။

ယခုနှစ် ဒီဇင်ဘာလတွင် အီးယူနှင့် အာဆီယံအကြား ဆက်ဆံရေး (၄၅) နှစ်ပြည့်မြောက်အဖြစ် နိုင်ငံခေါင်းဆောင်များတွေ့ဆုံမည့် ထိပ်သီးအစည်းအဝေးကို ပထမဦးဆုံးအကြိမ်အဖြစ် ဘရပ်ဆဲလ်မြို့တွင် ကျင်းပရန်အစီအစဉ်ရှိကြောင်း သိရှိရပါသည်။

Source:https://www.dw.com/en/eu-and-thailand-cap-turbulent-decade-with-a-partnership-agreement/a-63019958

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

## မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံကုန်သွယ်မှုအခြေအနေ

မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံကုန်သွယ်မှုအခြေအနေကို ဂျာမန်ဖက်ဒရယ် စာရင်းအင်းရုံး (Federal Statistical Office)၏ အချက်အလက်များအရ ဂျာမနီနိုင်ငံ၏ဘဏ္ဍာရေးနှစ်အလိုက်

(ဇန်နဝါရီလမှ ဒီဇင်ဘာလထိ) ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း အောက်ပါအတိုင်း လေ့လာ တွေ့ရှိရပါသည်–

**ဂျာမနီ–မြန်မာနှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ** (တန်ဖိုး–ကန်ဒေါ်လာသန်းပေါင်း)

| ဘဏ္ဍာနှစ် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | ကုန်သွယ်မှုပို/လိုငွေ |
|---|---|---|---|---|
| ၂၀၁၆ ခုနှစ် | 157.678 | 354.032 | 511.710 | –196.354 |
| ၂၀၁၇ ခုနှစ် | 133.45 | 629.906 | 763.356 | –496.456 |
| ၂၀၁၈ ခုနှစ် | 144.453 | 1012.15 | 1156.603 | –867.697 |
| ၂၀၁၉ ခုနှစ် | 169.413 | 1168.474 | 1337.887 | –999.061 |
| ၂၀၂၀ခုနှစ် | 160.552 | 1272.902 | 1433.454 | –1112.350 |
| ၂၀၂၁ခုနှစ် | ၉၉.၄၄၂ | ၁၁၁၆.၀၀ | 1215.442 | –1016.558 |

Source– https://www-genesis.destatis.de/genesis/online/logon

၂၀၂၁ ခုနှစ်တွင် ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှ သွင်းကုန် အမေရိကန်ဒေါ်လာ (၁.၁၁၆) ဘီလီယံနှင့် မြန်မာနိုင်ငံသို့ ပို့ကုန် အမေရိကန်ဒေါ်လာ (၉၉.၄၄၂)သန်း ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် အများဆုံးတင်သွင်းကုန်များမှာ အဝတ်အထည်(CMP)၊ ဖိနပ်၊ လယ်သာပစ္စည်းများ၊ ပလပ်စတစ်၊ ကောက်ပဲသီးနှံ၊ ရော်ဘာ၊ ပရိဘောဂ၊ စက်ပစ္စည်းနှင့် အီလက်ထရောနစ်ပစ္စည်းများ၊ စသည်တို့ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ပို့ကုန်များအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဆေးဝါး၊ စက်ပစ္စည်းနှင့် အီလက်ထရောနစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ မော်တော်ကား၊ ဓါတ်မြေသြဇာ၊ မျက်မှန်နှင့် ဓါတ်ပုံဆိုင်ရာ အသုံးအဆောင်များ စသည်တို့ဖြစ်ပါသည်။ သို့ဖြစ်၍ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၁.၂၁၅) ဘီလီယံ ရှိခဲ့ကာ မြန်မာနိုင်ငံအနေဖြင့် ဂျာမနီနိုင်ငံနှင့် ကုန်သွယ်မှုတွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၁.၀၁၆) ဘီလီယံ ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေကို ဖက်ဒရယ်စာရင်းအင်းရုံး၏ အချက်အလက်များအရ လေ့လာကြည့်လျှင် ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှ ပျမ်းမျှ

Agribusiness & Trade

တစ်လလျှင် သွင်းကုန် အမေရိကန်ဒေါ်လာ သန်း(၁၀၀) ဝန်းကျင်နှင့် ပို့ကုန် (၈) သန်းမှ (၁၀) သန်းဝန်းကျင်အကြားရှိနေကြောင်း၊ မတ်လတွင်မူ သွင်းကုန် အမေရိကန်ဒေါ်လာ (၁၃၅) သန်းနှင့် ပို့ကုန် (၂၁) သန်းတို့ရှိခဲ့ပြီး အဝတ်အထည်၊ ဖိနပ်(CMP) များ တင်သွင်းမှုစုစုပေါင်း အမေရိကန် ဒေါ်လာ(၁၂၇) သန်းရှိပြီး ယခင်လများထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဂျာမနီ-မြန်မာနှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ (၂၀၂၂ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ)**

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| လအမည် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | ကုန်သွယ်မှုပို/ လိုငွေ |
|---|---|---|---|---|
| ဇန်နဝါရီ | 8.431 | 81.938 | 90.369 | -73.507 |
| ဖေဖော်ဝါရီ | 7.387 | 114.843 | 122.230 | -107.456 |
| မတ် | 21.321 | 134.836 | 156.157 | -113.515 |
| ဧပြီ | 8.049 | 114.124 | 122.173 | -106.075 |
| မေ | 8.511 | 104.848 | 113.359 | -96.337 |
| ဇွန် | ၉.၉၃၅ | ၁၀၃.၃၃ | 113.265 | -93.395 |

Source- https://www-genesis.destatis.de/genesis/online/logon

မြန်မာနိုင်ငံအနေဖြင့် ဂျာမနီနိုင်ငံနှင့် ကုန်သွယ်မှုတွင် လအလိုက်၊ နှစ်အလိုက် ကုန်သွယ်မှုပိုငွေများဖြစ်ပေါ်နေသည်ကို တွေ့ရှိရပြီး အထည်ချုပ်လုပ်ငန်းများ(CMP) အပြင် အခြားစိုက်ပျိုးရေးနှင့် စားသောက်ထုတ်ကုန်များလည်း တိုးမြှင့်တင်ပို့ခြင်းဖြင့် ပို့ကုန်ဝင်ငွေ တိုးတက်ရရှိနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

........................................................................................................

Agribusiness & Trade

## ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

အီတလီနိုင်ငံ၊ ရောမမြို့အခြေစိုက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့( Food and Agriculture Organization- FAO) မှ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအတွက် စာနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း (FAO Food price Index-FFPI) သည် ၁.၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ပျမ်းမျှ ၁၃၈.၀ မှတ်ရှိခဲ့ရာ ငါးလဆက်တိုက် ကျဆင်းခဲ့မှုအဖြစ် မှတ်တမ်းဝင်ကြောင်း၊ FFPI ညွှန်းကိန်းခွဲ(၅) ရပ်တွင်လည်း အသင့်အတင့် ကျဆင်းခဲ့ကြောင်း၊ နှံစားသီးနှံဈေးနှုန်းညွှန်းကိန်း (Cereal Price Index) မှာ ဩဂုတ်လတွင် ပျမ်းမျှ ၁၄၅.၂ မှတ်ရှိခဲ့ပြီး ဇူလိုင်လထက် ၂.၀ မှတ် (၁.၄ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း၊ အလားတူ ကမ္ဘာ့ဂျုံဈေးနှုန်းသည်လည်း သုံးလဆက်တိုက်ကျဆင်းခဲ့ရာ ၅.၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ အထူးသဖြင့် ကနေဒါ၊ အမေရိကန်နှင့် ရုရှားနိုင်ငံတို့တွင် ထုတ်လုပ်မှုတိုးတက်ကောင်းမွန်လာမှု၊ မြောက်ကမ္ဘာခြမ်းနိုင်ငံများတွင် ရာသီပေါ်သီးနှံများဖြစ်ထွန်းမှုနှင့် ယူကရိန်းနိုင်ငံ ပင်လယ်နက်ဆိပ်ကမ်းမှ သီးနှံများတင်ပို့မှုကို ပြန်လည်စတင်နိုင်မှု အခြေအနေတို့နှင့် ဆက်စပ်နေကြောင်း၊ သို့သော်လည်း ကမ္ဘာ့ဂျုံဈေးနှုန်းမှာ ယခင်နှစ်ကထက် ၁၀.၆ ရာခိုင်နှုန်း မြင့်တက်ဆဲဖြစ်ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ဆန်ကြမ်းဈေးနှုန်းမှာ ၀.၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် ရာသီဥတုပူပြင်းခြောက်သွေ့ပြီး ပြောင်းသီးနှံအထွက်လျော့နည်းခဲ့မှုကြောင့် ကမ္ဘာ့ပြောင်းဆံဈေးနှုန်းမှာ ၁.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းညွှန်းကိန်း(Vegetable Oil Price Index) မှာ ဇူလိုင်လတွင် ပျမ်းမျှ ၁၇၁.၁ မှတ်ရှိခဲ့ပြီး၊ ယင်းသည် ဇွန်လအောက် ၄၀.၇ မှတ် (၁၉.၂ ရာခိုင်နှုန်း)ကျဆင်းခဲ့ကြောင်း၊ နို့ထွက်ပစ္စည်းများ၏ ဈေးနှုန်း ညွှန်းကိန်း (Dairy Price Index) မှာ ဩဂုတ်လတွင် ပျမ်းမျှ ၁၆၃.၃ မှတ်ရှိခဲ့ပြီး ၃.၃ ရာခိုင်နှုန်းဖြင့် ကျဆင်းခဲ့ကြောင်း၊ ယင်းသို့ ညွှန်းကိန်းဆက်တိုင်ကျဆင်းမှုသည် ကမ္ဘာ့ဈေးကွက်တွင် စားအုန်းဆီ၊ နေကြာဆီ၊ မုန်ညှင်းဆီနှင့် ပဲပိစပ်ဆီဈေးနှုန်းများ ကျဆင်းခဲ့မှုတို့ကြောင့်ဖြစ်ကြောင်း၊ စားအုန်းဆီ အဓိကတင်ပို့သည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီတင်ပို့မှု မြင့်တက်ခဲ့ပြီး၊ တင်ပို့ခွန်ကို လျှော့ပေါ့ပေးမှုနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ရာသီပေါ်ဆီ ထုတ်လုပ်မှုမြင့်မားခဲ့သည့်အတွက် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းမှာလည်း ကျဆင်းခဲ့ကြောင်း၊ ယူကရိန်းဆိပ်ကမ်းများမှ တင်ပို့မှုကို ပြန်လည်စတင်နိုင်မှုတို့ကြောင့် ကမ္ဘာ့နေကြာဆီဈေးနှုန်းမှာလည်း ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် ကမ္ဘာ့ပဲဆီဈေးနှုန်းမှာ အမေရိကန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ဈေးနှုန်းအနည်းငယ်ပြန်လည် မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

နို့ထွက်ပစ္စည်းများ၏ ဈေးနှုန်း ညွှန်းကိန်း (Dairy Price Index) မှာ ဩဂုတ်လတွင် ပျမ်းမျှ ၁၄၃.၅ မှတ်ရှိခဲ့ပြီး ဇူလိုင်လထက် ၃.၀ မှတ် (၂.၀ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း၊ နို့ထွက်ပစ္စည်းများ အဓိကတင်သွင်းသည့်နိုင်ငံများမှ ဝယ်လိုအားနည်းပါးခဲ့ခြင်းနှင့် လက်ငင်းလို အပ်ချက်ကို ဖြည့်ဆည်းရန် လုံလောက်လျက်ရှိသေးခြင်းကြောင့် ကမ္ဘာ့ဈေးကွက်တွင် ထောပတ်နှင့် နို့မှုန့်ဈေးနှုန်းမှာ ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် ခရီးသွားဧည့်သည် လည်ပတ်မှုများပြားသည့် ဥရောပနိုင်ငံများတွင် မြင့်တက်ခဲ့မှုကြောင့် ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားမြင့်တက်ခဲ့ပြီး ဒိန်ခဲဈေးနှုန်းမှာ ကိုးလဆက်တိုက်မြင့်တက်ခဲ့ကြောင်း၊ အသားဈေးနှုန်းညွှန်းကိန်း (Meat Price Index) ဩဂုတ်လတွင် ပျမ်းမျှ ၁၂၂.၇ မှတ်ရှိခဲ့ပြီး ဇူလိုင်လထက် ၁.၈ မှတ် (၁.၅ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း၊ အသားအဓိကတင်သွင်းသည့်နိုင်ငံများမှ ဝယ်လိုအားကျဆင်းခဲ့ခြင်းနှင့် နိုင်ငံအချို့မှ တိုးမြှင့်တင်ပိုနိုင်မှုတို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် ကြက်၊ ဘဲစသည့် အသားဈေးနှုန်းမှာ ကျဆင်းခဲ့ကြောင်း၊ အလားတူ အမဲသားအဓိကတင်ပို့သည့် နိုင်ငံအချို့မှ တင်ပို့မှုမြင့်တက်ခဲ့မှုနှင့် ဩတြေးလျနိုင်ငံမှ အမဲသားပိုမိုတင်ပိုနိုင်ခဲ့မှုကြောင့် အမဲသားဈေးနှုန်းမှာလည်း ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် ဝက်သားတင်ပို့မှု ဆက်လက်ကျဆင်းခဲ့သည့်အတွက် ဝက်သားဈေးနှုန်းမှာ အတက်ဘက်တွင် ရှိခဲ့ကြောင်း၊ သကြားဈေးနှုန်းညွှန်းကိန်း (Sugar Price Index) မှာ ဩဂုတ်လတွင် စတုတ္ထမြောက်လအနေဖြင့် ဆက်လက်ကျဆင်းခဲ့ပြီး ပျမ်းမျှ ၁၁၀.၄ မှတ်ရှိခဲ့ကြောင်း၊ အန္ဒိယမှ သကြားတင်ပို့မှုမြင့်တက်ခြင်းနှင့် ဘရာဇီးလ်နိုင်ငံတွင် အီသနောဈေးနှုန်းကျဆင်းခဲ့သည့်အတွက် ကြံများကို သကြားထုတ်လုပ်သည့်ဘက်တွင် ပိုမိုအသုံးပြုနိုင်မည့် မျှော်လင့်ချက်များ မြင့်တက်လာသည့်အတွက် သကြားဈေးနှုန်းအကျဘက်တွင်ရှိခဲ့ကြောင်း သိရှိရပါသည်။

မြန်မာသံရုံး
ရောမမြို့

……………………………………………………………………………………………..

Agribusiness & Trade

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၆ / ၂၀၂၂)    ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၁၅) ရက်

| ၁၅-၉-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၀၉၉.၀ |
| စင်္ကာပူဒေါ်လာ | ၁၄၉၃.၃ |
| စတာလင်ပေါင် | ၂၄၁၇.၉ |
| ဂျပန်ယန်း (၁၀၀) | ၁၄၆၅.၇ |
| တရုတ်ယွမ် | ၃၀၀.၈၁ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၉ |
| အိန္ဒိယရူပီး | ၂၆.၃၅၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၀.၄၂ |
| မလေးရှား ရင်းဂစ် | ၄၆၃.၀၇ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၆၆၁ |
| ထိုင်းဘတ် | ၅၇.၁၂၀ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၈၉၃၆ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

- ယူရိုဇုန် အတိုးနှုန်းထပ်မံတိုးမြှင့်
- အီးယူဒေသစီးပွားရေးနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ အလားအလာ

## ယူရိုဇုန် အတိုးနှုန်းထပ်မံတိုးမြှင့်

European Central Bank (ECB) သည် ယူရိုဇုန်အတိုးနှုန်းကို ၀.၇၅ ပွိုင့်အထိ ၈.၉.၂၀၂၂ ရက်က တိုးမြှင့်လိုက်ပါသည်။ ယူရိုဇုန်ဒေသ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ဇူလိုင်လတွင် ၈.၉ ရာခိုင်နှုန်းမှ ဩဂုတ်လတွင် ၉.၁ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီးနောက် ECB က အတိုးနှုန်း ထပ်မံမြှင့်တင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ယခုတိုးမြှင့်ခြင်းသည် ဇူလိုင်လအတွင်းက ၀.၅၀ ပွိုင့် တိုးမြှင့်ခဲ့ပြီးနောက်ပိုင်း ဒုတိယအကြိမ် တိုးမြှင့်ခြင်းဖြစ်ပါသည်။ ECB တွင် အဖွဲ့ဝင် (၂၅) ဦးရှိပြီး မူလရည်မှန်းထားသည့် ငွေကြေးဖောင်းပွမှုနှုန်း ၂ ရာခိုင်နှုန်းထက် များစွာမြင့်မားနေခြင်းကြောင့် ဆက်လက်၍ အတိုးနှုန်းများကို တိုးမြှင့်ဘွယ်ရှိကြောင်း ECB က ထုတ်ပြန်ခဲ့ပါသည်။ ယခုတိုးမြှင့်လိုက်မှုအရ အပ်ငွေပေါ်အတိုးနှုန်း ၀.၇၅ ရာခိုင်နှုန်း ဖြစ်ပြီး ဘဏ်ချေးငွေပေါ်အတိုးနှုန်းမှာ ၁.၂၅ ရာခိုင်နှုန်းဖြစ်ပါသည်။ ဈေးနှုန်းများမြင့်တက်မှုသည် စွမ်းအင်ဈေးနှုန်းများအပြင် စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဈေးနှုန်းများ အားလုံးမြင့်တက်လာမှုကြောင့် ဖြစ်ပါသည်။ ECB ၏ အတိုးနှုန်းတိုးမြှင့်မှုသည် အမေရိကန်နိုင်ငံနှင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံများတွင် တိုးမြှင့်မှုထက် နောက်ကျနေလျှက်ရှိကြောင်း ဝေဖန်ပြောဆိုမှုများရှိနေပါသည်။

ECB နှင့် ကမ္ဘာ့အနောက်ခြမ်းနိုင်ငံများရှိဗဟိုဘဏ်များတွင် စီးပွားရေးတိုးတက်မှုရရှိရန်နှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ၂ ရာခိုင်နှုန်းပတ်ဝန်းကျင်တွင် ထိန်းထားစေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်ဘဏ္ဍာရေးအကြပ်အတည်းကာလပြီး နောက်ပိုင်းကာလများမှစတင်၍ အတိုးနှုန်းကို သုညရာခိုင်နှုန်းဝန်းကျင်တွင် ထားရှိခဲ့ကြရာ စီးပွားရေးတိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှုနှုန်းများကို ထိခိုက်မှုမရှိစေဘဲ ဟန်ချက်ညီစွာဆောင်ရွက်နိုင်ခဲ့ကြသည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားခြင်းနှင့် နိုင်ငံရေး၊ စီးပွားရေးအကြပ်အတည်း ကာလများအတွင်း ယခင်ကဲ့သို့ ထိန်းညှိနိုင်ခြင်းမရှိဘဲ အတိုးနှုန်းများမြှင့်တင်လာရသည့် အခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။

ဂျာမန်ဖက်ဒရယ်ဘဏ္ဍာရေးဝန်ကြီး Mr.Christian Lindner က ပါလီမန်၌ မိမိတို့တွင် စီးပွားရေးအရ ကြီးမားသည့်စိန်ခေါ်မှုများနှင့်တွေ့ကြုံနေရသည့် အခြေအနေဖြစ်ကြောင်း၊ ဦးစွာ ငွေကြေးဖောင်းပွမှုနှုန်းကို လျော့ကျစေရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ သည်။ ECB President Ms.Christine Lagarde ကလည်း နောက်ထပ် အစည်းအဝေးများစွာပြုလုပ်၍ အတိုးနှုန်းမြှင့်တင်ရေးအတွက် ဆွေးနွေးသွားရန်ရှိကြောင်း၊ မူလရည်မှန်းထား သည့်ငွေကြေးဖောင်းပွမှုနှုန်းအတိုင်း ပြန်ရောက်ရန်လိုအပ်ကြောင်း၊ ယူရိုဇုန်ဒေသစီးပွားရေးမှာ ကျဆင်းလာနေပြီး ယခုနှစ်ကုန်ပိုင်းနှင့်၂၀၂၃ ခုနှစ်အစောပိုင်းကာလများတွင် ရပ်တန့်နေမည့် အလားအလာတွင်ရှိနေ

ကြောင်း ပြောဆိုခဲ့ပါသည်။ ယူရိုဇုန်စီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၂၂ ခုနှစ်အတွက် ၃.၁ ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ်တွင် ၀.၉ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၁.၉ ရာခိုင်နှုန်း ခန့်မှန်းထားရှိပါသည်။

Source:https://www.dw.com/en/european-central-bank-hikes-interest-rates-by-75-basis-points/a-63056854

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

## အီးယူဒေသစီးပွားရေးနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ အလားအလာ

အီးယူဒေသသည် အရှေ့တောင်အာရှနိုင်ငံများ၏ အရေးပါသည့် ကုန်သွယ်မှုမိတ်ဘက်များတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ အီးယူဒေသတွင် စီးပွားရေးတိုးတက်မှုနှေးကွေးမှုရှိလာခြင်းအပေါ် အရှေ့တောင်အာရှနိုင်ငံများက သတိကြီးစွာစောင့်ကြည့်နေကြသလို အခွင့်အရေးရရှိနိုင်မှုကိုလည်း လေ့လာနေကြပါသည်။ စွမ်းအင်ကဏ္ဍအကြပ်အတည်းများနှင့် မြင့်တက်လာနေသော ငွေကြေးဖောင်းပွမှုများက ယခုနှစ်ကုန်ပိုင်းတွင် ပိုမိုခက်ခဲမှုများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ နေထိုင်မှုစရိတ်မြင့်တက်လာမှုများက စားသုံးမှုစရိတ်များကို လျော့ကျလာစေနိုင်ကြောင်း ခန့်မှန်းထားရှိကြပါသည်။

Bloomberg economist ဖြစ်သူ Ms.Tamara Henderson က အီးယူဒေသ၏ စီးပွားရေးကျဆင်းလာမှုက အရှေ့တောင်အာရှနိုင်ငံများ၏ ပို့ကုန်၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို ကြီးမားစွာသက်ရောက်မှုရှိစေနိုင်ကြောင်း၊ နှစ်စဉ်စီးပွားရေး တိုးတက်မှုများ နှေးကွေးလာနိုင်ဘွယ်ရှိကြောင်း၊ တစ်ဖက်တွင်လည်း အရှေ့တောင်အာရှနိုင်ငံများတွင် စီးပွားရေးကဏ္ဍ ပြန်လည်ဖွင့်လှစ်ခြင်းများကို တစ်ဖြည်းဖြည်းပြန်လည်ပြုလုပ်လာနေပြီး အီးယူဒေသစီးပွားရေး အကြပ်အတည်းများမှ ပို့ကုန်များပိုမိုတိုးမြှင့်တင်ပို့ခြင်းဖြင့် အခွင့်အလမ်းများ ရယူနိုင်မည့်အလားအလာတွင် ရှိနေကြောင်း ပြောဆိုခဲ့ပါသည်။

အီးယူဘက်မှ စာရင်းအင်းအချက်အလက်များအရ အာဆီယံနိုင်ငံများက အီးယူနိုင်ငံများသို့ တင်ပို့မှုသည် ၂၀၂၀ ခုနှစ်တွင် ယူရို (၁၂၀) ဘီလီယံမှ ၂၀၂၁ ခုနှစ်တွင် ယူရို (၁၃၆) ဘီလီယံ ခန့်ရှိခဲ့ပါသည်။ အာဆီယံဘက်မှ စာရင်းအင်းအချက်အလက်များအရ ၂၀၂၁ ခုနှစ်တွင် အီးယူအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုသည် အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ (၁၅) ရာခိုင်နှုန်းရှိပါသည်။ ခရီးသွားကဏ္ဍတွင်မူ အီးယူနိုင်ငံများက အာဆီယံဒေသသို့ လာရောက်မှုသည် စုစုပေါင်းခရီးသွားဝင်ရောက်မှု၏ ၅ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ပိုမိုလာရောက်နိုင်ဘွယ်ရှိ

ကြောင်း ခန့်မှန်းထားရှိပါသည်။ အာဆီယံနိုင်ငံများမှ အီးယူသို့ပို့ကုန်သည် ၂၀၂၁ ခုနှစ်တွင် ဗီယက်နမ်ပို့ကုန်၏ ၁၁ ရာခိုင်နှုန်း၊ မလေးရှားပို့ကုန်၏ ၁၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယား ပို့ကုန်၏ ၂၀ ရာခိုင်နှုန်းခန့် ရှိခဲ့ပါသည်။ ဗီယက်နမ်ပို့ကုန်သည် ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း ယခင် နှစ်ကာလတူထက် ၄၅ ရာခိုင်နှုန်းပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ စာရင်းအင်းအချက် အလက်များကထုတ်ပြန်ခဲ့ပါသည်။ အာဆီယံနိုင်ငံများက အီးယူမှတင်သွင်းမှုသည် ၂၀၂၁ ခုနှစ် အတွင်း ယူရို(၈၀) ဘီလီယံခန့်ရှိခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့ဂျီဒီပီ တိုးတက် မှုနှုန်းကို မူလခန့်မှန်းထားသည့် ၃.၆ ရာခိုင်နှုန်းမှ ၃.၂ ရာခိုင်နှုန်းသို့ ပြောင်းလဲခန့်မှန်းထား ပြီး၂၀၂၃ ခုနှစ်အတွက် ၂.၉ ရာခိုင်နှုန်း ခန့်မှန်းထားရှိပါသည်။ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် (ADB) ကလည်း အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၂၀၂၂ ခုနှစ်အတွက် မူလ (၅.၂) ရာခိုင် နှုန်းမှ (၄.၆) ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၂၃ ခုနှစ်အတွက် မူလ (၅.၃) ရာခိုင်နှုန်း မှ (၅.၂) ရာခိုင်နှုန်းသို့လည်းကောင်း လျှော့နဲခန့်မှန်းထားရှိပါသည်။

Source: https://www.dw.com/en/eu-recession-fears-spark-concern-in-southeast-asia/a-63072169

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

..............................................................................................................

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၇/ ၂၀၂၂) ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၂၂) ရက်

| ၂၂-၉-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၀၇၃.၈ |
| စင်္ကာပူဒေါ်လာ | ၁၄၈၂.၀ |
| စတာလင်ပေါင် | ၂၃၇၅.၂ |
| ဂျပန်ယန်း (၁၀၀) | ၁၄၇၅.၄ |
| တရုတ်ယွမ် | ၂၉၆.၆၉ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၃ |
| အိန္ဒိယရူပီး | ၂၅.၉၉၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၉.၁၂ |
| မလေးရှား ရင်းဂစ် | ၄၅၉.၈၂ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၉၅၅ |
| ထိုင်းဘတ် | ၅၆.၂၆၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၈၅၇၀ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

➢ အာရှနှင့်ပစိဖိတ်နိုင်ငံ သံအမတ်ကြီးများ လေ့လာဆွေးနွေးမှုအစီအစဉ် ကျင်းပပြုလုပ်

## အာရှနှင့်ပစိဖိတ်နိုင်ငံ သံအမတ်ကြီးများ လေ့လာဆွေးနွေးမှုအစီအစဉ် ကျင်းပပြုလုပ်

ဂျာမန်အာရှနှင့် ပစိဖိတ်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်း (German Asia-Pacific Business Association-OAV)က ကြီးမှူးကမကထပြုသော အာရှနှင့် ပစိဖိတ်နိုင်ငံသံအမတ်ကြီးများ လေ့လာဆွေးနွေးမှုအစီအစဉ် (Ambassadors in Dialogue) ကို ဂျာမနီနိုင်ငံတောင်ပိုင်းရှိ Baden-Württemberg ပြည်နယ်တွင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိစီစဉ်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ Ambassadors in Dialogue အစီအစဉ်တွင် အင်ဒိုနီးရှား၊ စင်္ကာပူ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ မွန်ဂိုလီးယား၊ ဘင်္ဂလားဒေ့ရှ်၊ မော်လ်ဒိုက်နိုင်ငံ သံအမတ်ကြီးများ၊ မြန်မာသံရုံးအကြီးအကဲ/သံရုံးယာယီတာဝန်ခံ၊ ဖိလစ်ပိုင်၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဘူတန်နိုင်ငံသံရုံးများမှ စီးပွားရေးသံမှူးများနှင့် စီးပွားရေးဆိုင်ရာတာဝန်ခံအရာရှိများ လိုက်ပါလေ့လာခဲ့ပါသည်။ ခရီးစဉ်အတွင်း OAV ဥက္ကဋ္ဌဖြစ်သူ Prof.Dr.Ing Axel Stepken နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါခဲ့ပါသည်။

ခရီးစဉ်အတွင်း စတုဂတ် (Stuttgart)ဒေသ ကုန်သည်စက်မှုအသင်းအဖွဲ့ များနှင့် Baden-Württemberg ပြည်နယ်အဖွဲ့အစည်း တာဝန်ရှိသူများ ပူးပေါင်းပါဝင်၍ ပြည်နယ် Ministry of Economic Affairs, Labor and Tourism၏ State Secretary ဖြစ်သူနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ Heidelberg တက္ကသိုလ်တာဝန်ရှိသူများနှင့်တွေ့ဆုံမှုနှင့် အခြားလေ့လာမှုများ၊ Bosch ကုမ္ပဏီတွင် နည်းပညာ၊ ဝန်ဆောင်မှုနှင့် Solution ပုံစံများ၊ Trumpf ကုမ္ပဏီတွင် Machine tools ထုတ်လုပ်မှုလုပ်ငန်းများလေ့လာခြင်း၊ စတုဂတ်မြို့ မာစီးဒီးကားပြတိုက်လေ့လာခြင်းနှင့် Automotive and mobility ဆိုင်ရာ ဆွေးနွေးပွဲများ၊ Cyber Valley တွင် လေ့လာမှုအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

၁၄.၉.၂၀၂၂ ရက်နေ့ ညနေပိုင်းတွင် သံအမတ်ကြီးများနှင့်အဖွဲ့သည် Heidelberg မြို့တွင်းရှေးဟောင်းရဲတိုက်နှင့် အဆောက်အဦများလေ့လာကြပြီး Heidelberg University မှ ပါမောက္ခများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးသည့် ညစာစားပွဲသို့ တက်ရောက်ကြပါသည်။ Heidelberg မြို့သည် Baden-Württemberg ပြည်နယ်တွင် ကျော်ကြားသည့်တက္ကသိုလ်တည်ရှိမှုနှင့်ခရီးသွားလုပ်ငန်းများဖြင့် ထင်ရှားသည့် မြို့တစ်မြို့ဖြစ်ပါသည်။ လက်ရှိပညာသင်ကြားနေသည့် ငယ်ရွယ်သော ကျောင်းသားဦးရေများစွာရှိကြောင်း၊ Heidelberg University သည် ၁၄ ရာစုနှစ်ကတည်းက တည်ထောင်ခဲ့ပြီးဂျာမနီနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံး တက္ကသိုလ်တစ်ခုဖြစ်ကာ သုတေသနပြု ပညာရေးလုပ်ငန်းများကို အလေးပေးလုပ်ဆောင်ကြကြောင်း၊ အာရှ-ပစိဖိတ်ဒေသနိုင်ငံများနှင့် သက်ဆိုင်ရာနယ်ပယ်အလိုက် သုတေသနလုပ်ငန်းများ ဘာသာ

Agribusiness & Trade

ရပ်ဆိုင်ရာပူးပေါင်း လေ့လာမှုများကို ဆောင်ရွက်ရန် ဖိတ်ခေါ်ကြောင်း စသည်ဖြင့်ဆွေးနွေးပြောကြားကြပါသည်။

၁၅.၉.၂၀၂၂ ရက်နေ့တွင် Boschကုမ္ပဏီ၌ ဒစ်ဂျစ်တယ်ခေတ်မီနည်းပညာနှင့် တီထွင်ဆန်းသစ်မှုများကိုအသုံးပြု၍ စက်မှု၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် လုပ်ငန်းကဏ္ဍအမျိုးမျိုးအတွက် Solution ပုံစံများဖြင့်ပံ့ပိုးမှုများ၊ သုတေသနပြုဆောင်ရွက်ချက်များကို တာဝန်ရှိသူများမှ ဦးစွာ ရှင်းလင်းပါသည်။ Bosch ကုမ္ပဏီသည် ကိုဗစ်-၁၉ကပ်ရောဂါ ကြုံတွေ့ရသည့်ကာလဖြစ်သော်လည်း ၂၀၂၁ ခုနှစ်တွင် အရောင်းဝင်ငွေ ယူရို (၇၈) ဘီလီယံရှိခဲ့ပြီး သုတေသနလုပ်ငန်းများအတွက် ယူရို (၆) ဘီလီယံ သုံးစွဲမှုပြုကြောင်း၊ စက်ရုပ်များ၊ smart sensors များအသုံးပြု၍ Mobility နှင့် Consumer goods များကို နည်းပညာနှင့်တီထွင်ဆန်းသစ်မှုများဖြင့် ဆောင်ရွက်နေကြောင်း၊ Artificial Intelligence (AI) နည်းပညာနှင့်ပတ်သက်၍ ယခင်က rule based အနေဖြင့် သတ်မှတ်ချက်များပြုလုပ်၍ နည်းပညာများဖန်တီးပြုလုပ်ရာမှ data အချက်အလက်များကို အခြေခံသည့် machine model learning အနေဖြင့် တီထွင်ဆန်းသစ်လာနိုင်မှုများအတွက် သရုပ်ပြရှင်းလင်းခြင်း၊ စသည်တို့ကို လေ့လာရပါသည်။

Trumpf ကုမ္ပဏီတွင် ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌနှင့် Chief Technology Officer ဖြစ်သူ Dr.Ing.E.h Peter leibinger က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကုမ္ပဏီအတွင်း လေ့လာကြပါသည်။ Industry 4.0 နည်းပညာများအသုံးပြု၍ Machine tools အမျိုးမျိုးကို စက်ရုပ်များ၊ ဖိုင်ဘာလေဆာစက်များအသုံးပြု၍ ဂဟေဆက်ခြင်း၊ ပုံသွင်းပြုပြင်ထုတ်လုပ်ခြင်း၊ လေဆာခန်းမှ ထုတ်လုပ်မှုများကို ကုန်သိုလှောင်ရုံသို့ တိုက်ရိုက်ပို့ဆောင်မှုနည်းစနစ်များ၊ ဆော့ဖ်ဝဲလ် solution များဖြင့် ဆောင်ရွက်မှုများနှင့် အီလက်ထရောနစ် ထုတ်ကုန်များကို လေ့လာရပါသည်။ ထုတ်လုပ်မှုပေါ်မူတည်၍ ကုန်ကြမ်းတင်သွင်းမှုရှိကြောင်း၊ အာရှတိုက်တွင် ဖိလစ်ပိုင်၊ ဗီယက်နမ်တို့တွင် ရုံးခွဲများရှိကြောင်း လေ့လာသိရှိရပါသည်။ ဆက်လက်၍ Machine tools ဌာန၏ CEO ဖြစ်သူ Dr.Stephan Mayer က လုပ်ငန်းပိုင်းဆိုင်ရာများရှင်းလင်းရာတွင် လုပ်ငန်းအောင်မြင်မှုအတွက် Security နှင့် Safety တို့သည် အရေးကြီးကြောင်း၊ လုပ်ငန်းများကို တီထွင်ဆန်းသစ်မှုများ ပေါင်းစပ်ခြင်းဖြင့် တိုးတက်ရရှိလာကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် machine tools အရောင်းဝင်ငွေ ယူရို (၂.၂၈၉) ဘီလီယံရှိခဲ့ကြောင်း၊ စက်ပစ္စည်း အစိတ်အပိုင်းများကိုသာ အဓိကထုတ်လုပ်ပြီး ကုန်ချောပစ္စည်းတစ်ခုလုံး ထုတ်လုပ်မှုမရှိကြောင်း၊ Solution provider အနေနှင့် ဦးတည်ဆောင်ရွက်နေပြီး Software များသည် အဓိကအရေးပါကြောင်း၊ တရုတ်နိုင်ငံထုတ်ကုန်များ ဈေးကွက်တွင် ယှဉ်ပြိုင်မှုများရှိလာကြောင်း၊ စသည်ဖြင့် ရှင်းလင်းဆွေးနွေးပါသည်။

Agribusiness & Trade

ပြည်နယ်၏မြို့တော်ဖြစ်သော စတုဂတ်မြို့ရှိ မာစီးဒီးကားပြတိုက်တွင် ၁၉ ရာစုအတွင်း Mr. Carl Benz တီထွင်ခဲ့သော ရှေးဟောင်းကားများမှစ၍ ဟိုက်ဘြိုဂျင်ကားများအထိ နှစ်အလိုက် တီထွင်ဆန်းသစ်မှုများဖြင့် မော်ဒယ်အမျိုးမျိုးထုတ်လုပ်ကာ တစ်ဖြည်းဖြည်းတိုးတက်ထုတ်လုပ်လာမှုများအား ပြခန်းများအလိုက် ပြသထားမှုများ၊ ရှင်းလင်းမှုများကို လေ့လာကြရပါသည်။

ဆက်လက်၍ စတုဂတ်မြို့ Chamber of Commerce and Industry ရုံးအဆောက်အဦတွင် ‘Automotive and Mobility –from tradition to future’ ခေါင်းစဉ်ဖြင့် Panel discussion ကို ပြုလုပ်ရာ New mobility company မှ division manager ဖြစ်သူ Ms.Monika Burkard က moderator အဖြစ်ဆောင်ရွက်ကာ အာရှ-ပစိဖိတ်သံရုံးအကြီးအကဲများ၏ ပြောရေးဆိုခွင့်ရှိသူ ဂျာမနီနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သံအမတ်ကြီး၊ e-mobile BW GmbH မှ မန်းနေဂျင်းဒါရိုက်တာနှင့် EDI GmbHမှ Team leader တို့က ပါဝင်ဆွေးနွေးကြပါသည်။ ဆွေးနွေးမှုများအရ စတုဂတ်ဒေသသည် စက်မှုလုပ်ငန်းများထွန်းကားသည့်ဒေသဖြစ်ပြီး Automobile နှင့်သက်ဆိုင်သည့် ကုမ္ပဏီပေါင်း (၁၆၀၀၀၀)ခန့် ရှိကြောင်း၊ နည်းပညာပိုင်း၊ တီထွင်ဆန်းသစ်မှုပိုင်းကို ပိုမိုဦးစားပေးဆောင်ရွက်လာကြကြောင်း၊ ပို့ကုန်သွင်းကုန်၏ ၂၀ ရာခိုင်နှုန်းသည် အာရှဒေသနှင့် ဆက်စပ်လုပ်ကိုင်နေကြောင်း၊ စိန်ခေါ်မှုများအနေဖြင့် စွမ်းအင်အခက်အခဲ၊ အခြေခံအဆောက်အဦပိုင်း၊ သတင်းအချက်အလက်ရရှိနိုင်မှုနှင့် ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းခြင်းတို့ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာရှိမှု၊ သုတေသနလုပ်ငန်းများနှင့် လွယ်ကူချောမွေ့စွာလုပ်ဆောင်နိုင်မှုတို့လည်း လိုအပ်ကြောင်း၊ အနာဂတ် Mobility ကဏ္ဍအတွက် ခန့်မှန်းချက်များအနေဖြင့် အများပြည်သူ လွယ်ကူစွာ အသုံးပြုနိုင်သည့်စနစ်များတိုးတက် ဖြစ်ပေါ်လာရေး၊ Charging station များ လုံလောက်စွာရရှိနိုင်ရေး၊ သွားလာပို့ဆောင်ရေးအပြင်အခြား ဝန်ဆောင်မှုများပါထည့်သွင်း ဆောင်ရွက်ခြင်းဖြင့် ပိုမိုအဆင်ပြေ လွယ်ကူလာစေမည်ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းများအကြား ယုံကြည်နားလည်မှုလိုအပ်ပြီး Start-up လုပ်ငန်းများနှင့် လက်တွဲလုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်ကြောင်း စသည်တို့ကို ဆွေးနွေးပြောကြားကြပါသည်။

ဆက်လက်၍ Networking dinner တွင် Automotive and Mobility ဆိုင်ရာ ကုမ္ပဏီများ၊ ပြည်နယ် Ministry of Economic Affairs, Labour and Tourism၊ Chamber of Commerce and Industry(IHK)၊ Baden-Württemberg International တို့မှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမိတ်ဆက်ခြင်း၊ ဆွေးနွေးခြင်းတို့ကို ပြုလုပ်ကြပါသည်။

၁၆.၉.၂၀၂၂ ရက်နေ့ နံနက်ပိုင်းတွင် Baden-Württemberg ပြည်နယ်ရှိ Ministry of Economic Affairs, Labour and Tourism ၏ State Secretary ဖြစ်သူ Dr.Patnck Rapp နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။ State Secretary က အာရှ-ပစိဖိတ်ဒေသသည် ဥရောပ

Agribusiness & Trade

ဒေသနှင့် မိမိတို့ပြည်နယ်အတွက် အရေးပါသော ဒေသတစ်ခုဖြစ်ကြောင်း၊ ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှုအပိုင်းများ တိုးတက်ဆောင်ရွက်လျှက်ရှိကြောင်း၊ Comprehensive East Asia Strategy ကို ရေးဆွဲဆောင်ရွက်နေကြောင်း၊ အီးယူနှင့်လွတ်လပ်သော ကုန်သွယ်မှုဒေသ(FTA) တည်ထောင်နိုင်မှုသည်လည်း အရေးပါကြောင်း၊ စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့နှင့် လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အခြားအာရှနိုင်ငံများနှင့်လည်း ဆက်လက်လုပ်ဆောင်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ပြည်နယ်နှင့် Bilateral ဆွေးနွေးမှုများ၊ delegation များလာရောက်၍ exchange program များပြုလုပ်ခြင်း၊ စီမံကိန်းပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ကြခြင်းများရှိကြောင်း၊ ဂျာမနီနိုင်ငံသည် သုတေသနလုပ်ငန်းများနှင့် တီထွင်ဆန်းသစ်မှုများကို တွန်းအားပေးဆောင်ရွက်နေကြောင်း၊ အာရှ-ပစိဖိတ်နိုင်ငံများနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားပါသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် သံရုံးများအလိုက် သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများက မိမိတို့နိုင်ငံအလိုက် ရရှိနိုင်သည့် အရင်းအမြစ်များ၊ ပူးပေါင်းဆောင်ရွက်လိုသည့်နယ်ပယ်များ၊ လာရောက် ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးကြပါသည်။ မြန်မာသံရုံးအကြီးအကဲက မြန်မာနိုင်ငံနှင့်ဂျာမနီနိုင်ငံသည် ၁၉၅၄ ခုနှစ်ကပင် သံတမန်ဆက်ဆံရေးကို တည်ထောင်ခဲ့ပြီး စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုပိုင်း ဆက်ဆံဆောင်ရွက်မှုများရှိထားပြီး ဆက်လက်တိုးတက်ဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ပညာရေးပိုင်းဆက်သွယ်ဆောင်ရွက်မှုများလည်း ရှိထားပြီး၊ မြန်မာနိုင်ငံမှ ဂျာမန်တက္ကသိုလ်များတွင် လာရောက်ပညာသင်ကြားလိုသည့် ကျောင်းသားများက ဆက်သွယ်စုံစမ်းလာခြင်းများရှိနေကြောင်း၊ မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်များ တည်ထောင်ဆောင်ရွက်နေပြီး သီလဝါအထူး စီးပွားရေးဇုန်သို့ ဂျာမန်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း စသည်ဖြင့်ဆွေးနွေး ပြောကြားပြီးနောက် သီလဝါအထူးစီးပွားရေးဇုန်၏ အသေးစိတ်အချက်အလက်များကိုလည်း State Secretary ထံသို့ ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ Tubingen မြို့ရှိ Cyber Valley သို့ သွားရောက်လေ့လာကြရာ Artificial Intelligence (AI) အသုံးပြုသုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာလုပ်ကိုင်ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက ဦးစွာရှင်းလင်းဆွေးနွေးကြပါသည်။ ၁၉ ရာစုနှစ်အတွင်းက Quantum Theory ကိုတီထွင်ခဲ့သော Mr.Max Planck ကို ဂုဏ်ပြုသည့်အနေဖြင့် Max Planck Institute များနှင့် သုတေသနဌာနများကို တည်ထောင်ခဲ့ကြပြီး သုတေသနလုပ်ငန်းများတွင် နည်းပညာများပေါင်းစပ်၍ အရည်အသွေးမြင့် ရလဒ်များရရှိရန်ဆောင်ရွက်ခဲ့ကြကြောင်း၊ ကျောင်းခွဲများကို နယ်သာလန်၊ အီတလီ၊ အမေရိကန်၊ ဘရာဇီး၊ လူဇင်ဘတ်နိုင်ငံများတွင်လည်း ဖွင့်လှစ်ထားရှိကြောင်း၊ အဓိကရည်မှန်းချက်မှာ စီးပွားရေးတိုးတက်မှုပေါ် အကျိုးသက်ရောက်မှုရှိစေရေးဖြစ်ကြောင်း၊ ပညာသင်ဆုများပံ့ပိုးပေးပြီး သုတေသနပညာရှင်များ၊ PhD ကျောင်းသားများကို

Agribusiness & Trade

မွေးထုတ်ပေးနေကြောင်း၊ Computer Science တိုးတက်မှုအဆင့်တွင် ယခုဂျာမနီမှ Cyber Valley သည် အဆင့်(၁၂) တွင် ရှိပြီး၊ အမေရိကန်နိုင်ငံရှိ တက္ကသိုလ်များက ထိပ်ဆုံးတွင်ရှိကြောင်း ရှင်းလင်း ဆွေးနွေးပါသည်။ ဆက်လက်၍ လက်တွေ့ဆောင်ရွက်နေမှုများကို လေ့လာကြရာ၊ လူ၏ခန္ဓာကိုယ်ရှိ အစိတ်အပိုင်းများ၊ ပုံပန်းသွင်ပြင် လက္ခဏာများ၊ တုန့်ပြန်တတ်မှု၊ အမူအကျင့်၊ စိတ်နေစိတ်ထား စသည်တို့ကို ဆန်းစစ်လေ့လာနိုင်မှုများအတွက် Body Scanner ပြုလုပ်၍ ဆောင်ရွက်နိုင်မှုများနှင့် ဒေတာအချက်အလက်များ၊ ဆော့ဖ်ဝဲလ်များအသုံးပြု၍ စက်ရုပ်များကို လိုအပ်သလို ဖန်တီးပြုပြင် ဆောင်ရွက်နိုင်မှုများကိုလည်း လေ့လာခွင့်ရရှိခဲ့ပါသည်။ ထို့နောက် Tubingen မြို့တွင်းရှိ သမိုင်းဝင် နေရာများ၊ ယခင်တက္ကသိုလ်ဟောင်းများကို ပြုပြင်မွမ်းမံ၍ ဆက်လက်ဖွင့်လှစ်ဆောင်ရွက်နေမှုများကို လေ့လာကြရပါသည်။

အာရှ-ပစိဖိတ်နိုင်ငံဆိုင်ရာသံအမတ်ကြီးများ၏ ခရီးစဉ် (Ambassadors in Dialogue) ကို ဟမ်းဘတ်မြို့အခြေစိုက် ဂျာမန်အာရှ-ပစိဖိတ်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်း(OAV) က ပဋ္ဌမအကြိမ်မြောက် စီစဉ်ခဲ့ခြင်းဖြစ်ပြီး ခရီးစဉ်အတွင်း သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် တာဝန်ရှိသူများကို Baden-Württemberg ပြည်နယ်အတွင်း တာဝန်ရှိအဆင့်မြင့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရေး၊ Artificial Intelligence (AI) နည်းပညာနှင့် တီထွင်ဆန်းသစ်မှုပိုင်း တိုးတက်မြင့်မားသည့် ကုမ္ပဏီများသို့ သွားရောက်လေ့လာဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်နှင့် ဆက်လက်၍ အာရှ-ပစိဖိတ်နိုင်ငံများနှင့် ချိတ်ဆက်ပူးပေါင်းမှုရရှိရေး၊ အဆက်အသွယ်များ ရရှိရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး ဆောင်ရွက်ရန်စီစဉ်ထားရှိပြီး များစွာ အကျိုးရှိသည့် ခရီးစဉ်ဖြစ်ပါသည်။ အဓိကဆက်သွယ်ဆောင်ရွက်ရမည့် ပြည်နယ် Ministry of Economic Affairs, Labour and Tourism၊ Chamber of Commerce and Industry(IHK)၊ Baden-Württemberg International တို့မှ တာဝန်ရှိသူများနှင့် မိတ်ဆက်တွေ့ဆုံဆွေးနွေးခွင့် ရရှိခဲ့ပြီး IHK က မြန်မာနိုင်ငံဘက်နှင့် Textile project တစ်ခုကို ဆောင်ရွက်မှုရှိထားကြောင်းလည်း ဆွေးနွေးသိရှိခဲ့ရပါသည်။ ပြည်နယ်အနေနှင့် အာရှ-ပစိဖိတ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဂျာမန်ကုမ္ပဏီများပါဝင်သည့် delegation များလာရောက်၍ exchange program များဆောင်ရွက်လျှက်ရှိပြီး ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားရန် ရည်မှန်းထားမှုများ ရှိကြောင်းသိရှိရပြီး နည်းပညာနှင့် တီထွင်ဆန်းသစ်မှုပိုင်း ဦးစားပေးသည့်လုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လိုကြောင်း ဆွေးနွေးသိရှိရ၍ ဆက်လက်ချိတ်ဆက်ဆောင်ရွက်ရန် အခွင့်အလမ်းများရရှိသည့် ခရီးစဉ်တစ်ခု ဖြစ်ပါသည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

…………………………………………………………………………………………………………

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စီမံကိန်းဦးစီးဌာန**

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၈ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၂၉) ရက်

| ၂၉-၉-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၀၃၆.၄ |
| စင်္ကာပူဒေါ်လာ | ၁၄၅၉.၃ |
| စတာလင်ပေါင် | ၂၂၈၃.၈ |
| ဂျပန်ယန်း (၁၀၀) | ၁၄၅၁.၂ |
| တရုတ်ယွမ် | ၂၉၃.၃၉ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၂ |
| အိန္ဒိယရူပီး | ၂၅.၆၆၈ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၆.၄၈ |
| မလေးရှား ရင်းဂစ် | ၄၅၃.၀၃ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၆၈၅ |
| ထိုင်းဘတ် | ၅၅.၁၆၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၈၀၁၃ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကောက်ပဲသီးနှံဈေးနှုန်းများ အစီရင်ခံစာမှ ကောက်နုတ်ချက်များ တင်ပြခြင်း

## ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကောက်ပဲသီးနှံဈေးနှုန်းများ အစီရင်ခံစာမှ ကောက်နုတ်ချက်များ တင်ပြခြင်း

ယခုနှစ်အစောပိုင်းတွင် အလုံးစုံသွင်းအားစုဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ယခုအခါ ယူကရိန်းနိုင်ငံမှ ကုန်စည်စီးဆင်းမှုပြန်လည်စတင်လာခြင်းနှင့် ကပ်ရောဂါကြောင့် ကုန်ထုတ်လုပ်မှုကွင်းဆက်များ ပြတ်တောက်ခဲ့သည့်အခြေအနေများ ပြန်လည်ကောင်းမွန်လာခြင်းတို့ကြောင့် ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလာနေသည်ကို တွေ့ရပါသည်။ ထို့ပြင် အောက်ဖော်ပြပါအကြောင်းအရာများကလည်း အချို့သွင်းအားစုများနှင့် ကုန်စည်များကို ဈေးနှုန်းများဆက်လက်ကျဆင်းလာစေပါသည် -

(က) တရုတ်နှင့် ဥရောပဘက်မှ ဝယ်လိုအား ပိုမိုအားနည်းလာခြင်း၊

(ခ) အမေရိကန်ဒေါ်လာ ပိုမိုအားကောင်းလာသဖြင့် ပဲပုပ်နှင့် ဟင်းရွက်ဆီကဲ့သို့ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်အချို့ကို ရောင်းလိုအား မြင့်တက်လာစေခြင်းနှင့် ဝယ်လိုအားနည်းပြီး ရောင်းလိုအားများနေခြင်း၊

လွန်ခဲ့သည့်လအနည်းငယ်အတွင်း ကုန်စည်အချို့၌ အောက်ဖော်ပြပါအတိုင်း အပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပါသည် -

(က) ဂျုံဈေးနှုန်း - အထိုက်အလျောက် တည်ငြိမ်နေပါသည်။

(ခ) အမဲသားဈေးနှုန်း - ကျဆင်းနေပါသည်။

(ဂ) ပဲပုပ်နှင့် နေကြာဆီဈေးနှုန်း - စက်တင်ဘာလအတွင်း တရုတ်ဘက်မှ ဝယ်လိုအားနည်းပါးသဖြင့် ကျဆင်းခဲ့ပါသည်။

(ဃ) မလေးရှားစားအုန်းဆီ ကြိုရောင်းဈေး- ကုန်လက်ကျန်များပြားနေခြင်းနှင့် နောက်ပိုင်း၌ ဝယ်လိုအားကျဆင်းနေမည့်အရိပ်အယောင်များကြောင့် ဩဂုတ်လကထက် ကျဆင်းနေပါသည်။


၎င်းကုန်စည်များမှအပ ကျန်ကုန်စည်များမှာ ယခင်နှစ်ကထက် ဈေးနှုန်းကြီးမြင့်လျက်ရှိနေဆဲ ဖြစ်ပါသည်။

လာမည့်လများအတွင်း အမေရိကန်ပြည်ထောင်စုဘက်မှ မြင့်မားနေသော ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေရန် ကြိုးပမ်းမှုများတွင် အတိုးနှုန်းမြှင့်တင်မှုများ ပိုမိုပြုလုပ်လာမည်ဟု မျှော်လင့်ထားပြီး၊ စီးပွားရေးကျဆင်းမှုဖြစ်ပေါ်လာမည်ကို ဆက်လက်စိုးရိမ်နေကြသောကြောင့်

Agribusiness & Trade

ဈေးနှုန်းများကျဆင်းရန် ဆက်လက် ဖိအားပေးနိုင်ဖွယ်ရှိပါသည်။ သို့သော်လည်း တစ်ဖက်တွင် ကမ္ဘာတစ်ဝှမ်း၌ ရာသီဥတုအခြေအနေ မျက်နှာသာ မပေးမှုများကြောင့် မှန်းဆ၍ မရနိုင်သော အပြောင်းအလဲအချို့လည်း ရှိလာနိုင်ပါသည်။


အောက်ဖော်ပြပါ ဂရပ်ဖ်ပုံတွင် ၂၀၂၂ ခုနှစ်၊ မတ်လမှ ဇူလိုင်လအထိ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ စားသောက်ကုန်ဈေးနှုန်းအညွှန်းကိန်း (၎င်းအညွှန်းကိန်းတွင် ကောက်နှံ၊ ဟင်းရွက်ဆီ၊ နို့ထွက်ပစ္စည်း၊ အသားနှင့် သကြားတို့ ပါဝင်ပါသည်) ဖော်ပြချက်ကို တွေ့ရမည်ဖြစ်ပြီး၊ (၅) လ ဆက်တိုက် ကျဆင်းလာသည်ကို တွေ့ရမည်ဖြစ်ပါသည် -




**သွင်းအားစုဈေးနှုန်းများ**


**သယ်ယူပို့ဆောင်ရေးစရိတ်များ ကျဆင်းလာ**

တစ်ကမ္ဘာလုံးရှိ သယ်ယူပို့ဆောင်ရေးစရိတ်စကများမှာ ယခုနှစ်၊ ဇန်နဝါရီလမှ စတင်ကြည့်ရှုလျှင် စက်တင်ဘာလနှောင်းပိုင်း၌ အနိမ့်ဆုံးသို့ ကျဆင်းခဲ့ပါသည်။ FBX မှ အညွှန်းကိန်းအရ စက်တင်ဘာလအတွင်း (၂၇) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ နှစ်အလိုက်အနေအထားဖြင့်မူ (၆၁) ရာခိုင်နှုန်းကျဆင်းလာသည်ကို တွေ့ရပါသည်။ ထိုသို့ ကျဆင်းလာရခြင်းမှာ ကပ်ရောဂါကြောင့် ကုန်ထုတ်လုပ်မှုကွင်းဆက်များ နှောင့်နှေးကြန့်ကြာနေရသည့် အခြေအနေ တိုးတက်ကောင်းမွန်လာခြင်း၊ ဥရောပဘက်မှ ဝယ်လိုအား ပိုမိုနည်းပါးလာခြင်းတို့ကြောင့် ဖြစ်ပါသည်။





## ဓာတ်မြေဩဇာဈေးနှုန်းများ ကျဆင်းလာ

အမေရိကန်ပြည်ထောင်စုတွင် ဓာတ်မြေဩဇာဈေးနှုန်းများမှာ လအလိုက် ဆက်လက် ကျဆင်း လာသော်လည်း၊ ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင်မူ ဈေးနှုန်းပိုမိုမြင့်မားနေဆဲ ဖြစ်ပါသည်။ အောက်ဖော်ပြပါ ဂရပ်ဖ်ပုံ၌ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအထိ ဈေးနှုန်းအခြေအနေကို တွေ့နိုင်မည် ဖြစ်ပါသည်-




## ရေနံဈေးနှုန်းများ ကျဆင်းလာ


ရေနံဈေးနှုန်းများမှာ ဇွန်လအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သော်လည်း၊ ဈေးနှုန်းများ ပြန်လည်ကျဆင်းလာပြီ ဖြစ်ပါသည်။ သို့ရာတွင် ၂၀၂၁ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင်မူ (၁၃) ရာခိုင်နှုန်း ပိုမိုမြင့်မားနေဆဲ ဖြစ်ပါသည်။ အောက်ဖော်ပြပါ ဂရပ်ဖ်ပုံ၌ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအထိ ဈေးနှုန်းအခြေအနေကို တွေ့နိုင်မည် ဖြစ်ပါသည်-




**ဆန်စျေးကွက်အခြေအနေ**

**အိန္ဒိယဆန်စျေးနှုန်းများ (တစ်ကီလို/ဒေါ်လာ၊ Masoori အမျိုးအစား)**


ကမ္ဘာပေါ်တွင် ဆန်အဓိကတင်ပို့သည့် အိန္ဒိယနိုင်ငံက ဆန်တင်ပို့မှုအပေါ် အကောက်ခွန် (၂၀) ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်းနှင့် ဆန်ကွဲတင်ပို့မှုကို လုံးဝတားမြစ်ကြောင်း ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ၌ ကြေငြာခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၏ အဓိကဆန်ထုတ်လုပ်သည့်ဒေသများ၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဆန်ထုတ်လုပ်မှုမှာ ယခင်နှစ်ကထက် (၅.၅) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ စျေးနှုန်းမှာမူ စက်တင်ဘာလအတွင်း (၂၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ အိန္ဒိယမှ အဓိကဆန်တင်ပို့နေသည့် တရုတ်နှင့် အာဖရိကနိုင်ငံများမှာ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်စသည့်နိုင်ငံများမှ ပြောင်းလဲတင်သွင်းနေကြပါသည်။ အောက်ဖော်ပြပါ ဂရပ်ဖ်ပုံ၌ အိန္ဒိယ၏ Masoori အမျိုးအစားဆန်၏ စျေးနှုန်းအပြောင်းအလဲကို တွေ့ရမည် ဖြစ်ပါသည် -




Agribusiness & Trade


**ဗီယက်နမ်ဆန်စျေးနှုန်းများ (တစ်ကီလို/ဒေါ်လာ၊ စံပယ်ဆန်အမျိုးအစား)**

အိန္ဒိယနိုင်ငံက ၎င်း၏ဆန်တင်ပို့မှုအပေါ် ကန့်သတ်မှုများ ပြုလုပ်ကြောင်း ကြေငြာချက် ထုတ်ပြန်ပြီးနောက် ဗီယက်နမ်မှ တင်ပို့သည့်ဆန်စျေးနှုန်းမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၀) မြင့်တက်ခဲ့ပါသည်။ ယခုနှစ် ပထမ (၇) လအတွင်း ဗီယက်နမ်မှ ဆန်တင်ပို့မှုပမာဏမှာ မက်ထရစ်တန်ချိန် (၄)သန်း ရှိခဲ့ပါသည်။ ဗီယက်နမ်မှ တင်ပို့သော ဆန်အမျိုးအစားမှာ ကောက်ညှင်းဆန်နှင့် ရနံ့မွှေးဆန်များ ဖြစ်ကြပါသည်။ စက်တင်ဘာလအတွင်း ဗီယက်နမ်ဆန် တစ်ကီလိုဂရမ်၏စျေးနှုန်းမှာ အမေရိကန်ဒေါ်လာ (၀.၂၈) ဒေါ်လာ ရှိခဲ့ပါသည်။ ယခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လ ၂၂ ရက်နေ့အတွင်း ဗီယက်နမ်မှ ဖိလစ်ပိုင်သို့ ဆန်မက်ထရစ် တန်ချိန် (၂.၄) သန်း တင်ပို့ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ (၁) ဘီလီယံရရှိခဲ့ပါသည်။ ယင်းပမာဏမှာ ယခင်နှစ်အလားတူကာလကထက် (၄၇) ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာပေါ်၌ ဆန်ဒုတိယအများဆုံးတင်သွင်းခဲ့သော နိုင်ငံဖြစ်ပါသည်။




**တရုတ်ဆန်စျေးနှုန်းများ (တစ်ကီလို/ဒေါ်လာ၊ ဆန်လုံးတို အမျိုးအစား)**

၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဆန်အများဆုံးတင်သွင်းခဲ့သော နိုင်ငံဖြစ်ပြီး၊ အမေရိကန်ဒေါ်လာ (၂.၂၅) ဘီလီယံတန်ဖိုးရှိ ဆန်မက်ထရစ်တန်ချိန် (၄) သန်း တင်သွင်းခဲ့ပါသည်။ ၎င်းကာလအတွင်း ဗီယက်နမ်နှင့် ထိုင်းနိုင်ငံမှတင်သွင်းခဲ့မှုမှာ (၄၆.၅) ရာခိုင်နှုန်းခန့် ရှိပါသည်။ ယခုနှစ်၊ စက်တင်ဘာလအတွင်း တရုတ်ပြည်တွင်း ပျမ်းမျှလက်ကားစျေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် (၀.၇၅) ဒေါ်လာဖြစ်ပါသည်။ တရုတ်နိုင်ငံ၌ ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် ယခုနှစ်အထွက်နှုန်း၌ (၁၀) ရာခိုင်နှုန်းကျော် ဆုံးရှုံးခဲ့ကြောင်း သိရပါသည်။





## ပြောင်း

ဥရောပနှင့် အမေရိကန်တို့တွင် မိုးခေါင်မှုများကြောင့် ကမ္ဘာ့ပြောင်းအထွက်နှုန်းအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိသော်လည်း၊ တရုတ်နှင့် ယူကရိန်းတွင် ထုတ်လုပ်မှု တိုးမြင့်သည်ဟု သိရပါသည်။ ကမ္ဘာ့ ပြောင်းရောင်းလိုအားဘက်တွင် အသားတင်မြင့်တက်မှုများ ရှိမည်ဟုခန့်မှန်း သော်လည်း ကမ္ဘာ့ဝယ်လိုအား အားကောင်းနေသည့်အတွက် ကမ္ဘာ့ပြောင်းဈေးနှုန်းများ သမိုင်း ဝင်လောက်အောင် ဆက်လက်မြင့်နေနိုင်ပါသည်။

## အမေရိကန် ပြောင်းကြိုရောင်းကြိုဝယ်ဈေးနှုန်းများ (ဒေါ်လာ/ဘူရှယ်)

အမေရိကန်ပို့ကုန်အပေါ် တောင်အမေရိကနှင့် ပင်လယ်နက်တို့မှ ဖိအားကြောင့် ဝယ်လို အားကျဆင်းလာရာ၊ စက်တင်ဘာလ (၂၂) ရက်နေ့တွင် ချီကာဂိုဈေးကွက်၌ ပြောင်းဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့ကာ၊ (၀.၆) ရာခိုင်နှုန်းကျဆင်း၍ တစ်ဘူရှယ်လျှင် အမေရိကန်ဒေါ်လာ (၆.၇၃) ရှိခဲ့ပါသည်။ အမေရိကန်တွင် ထုတ်လုပ်မှုကျ ဆင်းသောကြောင့် ပြောင်းတင်ပို့မှုမှ ရရှိမည့် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ (၀.၁) ဘီလီယံကျဆင်း၍ ဒေါ်လာ (၁၉.၁) ဘီလီယံခန့်ရှိမည်ဟု ခန့်မှန်းထားပါသည်။ အမေရိကန်ပြောင်းနှင့် အပြိုင်ဖြစ်သည့် တောင်အမေရိကဘက်မှ ပြောင်း ထုတ်လုပ်မှုနှင့် ပို့ကုန်တင်ပို့မှုမှာ နောက်နှစ်သီးနှံရာသီတွင် တိုးမြင့်လိမ့်မည်ဟု ခန့်မှန်းချက်များ ရှိပါသည်။



## အာဂျင်တီးနားရှိ ပြောင်းလက်ကားဈေးနှုန်းများ (ဒေါ်လာ/မက်ထရစ်တန်)

အာဂျင်တီးနားပြောင်း၏ လက်ကားဈေးနှုန်းမှာ ယခုနှစ်၊ ဇန်နဝါရီလတွင် မြင့်တက်ခဲ့ပြီး၊ ဧပြီလတွင် (၁၁၉.၇) ရာခိုင်နှုန်း ပိုမိုမြင့်မားလာခဲ့ကာ၊ တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ (၁.၄၅) ဒေါ်လာသို့ ရောက်ရှိခဲ့ပါသည်။ စက်တင်ဘာလတွင် တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ (၁.၈၁) ဒေါ်လာ ရှိလာပါသည်။ ထုတ်လုပ်မှုစရိတ်မြင့်မားလာခြင်း၊ ကမ္ဘာ့ဝယ်လိုအား တိုးမြင့်လာခြင်းတို့ကြောင့် အာဂျင်တီးနားတွင် ဈေးနှုန်းများ ဆက်လက်မြင့်မားနေမည်ဟု ခန့်မှန်းထားပါသည်။




## ဘရာဇီးလ်ရှိ ပြောင်းလက်ကားဈေးနှုန်းများ (ဒေါ်လာ/မက်ထရစ်တန်)

ဘရာဇီးလ်နိုင်ငံ၏ လေလံမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄)ဒေါ်လာ တက်လာကာ (၂၉၄) ဒေါ်လာသို့ ရောက်ရှိခဲ့ပါသည်။ ဩဂုတ်လအတွင်း ဘရာဇီးလ်ပို့ကုန်မှာ မက်ထရစ်တန်ချိန် (၇.၆)သန်းရှိခဲ့ပါသည်။ ယခုနှစ် နိုဝင်ဘာလအတွက် စာချုပ်ချုပ်ဆိုရာ၌ R$ ၀.၀၄ ပိုမိုလာပြီး၊ R$ (၈၉.၄၇) ရှိခဲ့ပါသည်။



## ပဲပုပ်

အမေရိကန်စိုက်ပျိုးရေးဌာနမှ စက်တင်ဘာလ (၂၂) ရက်နေ့တွင် ခန့်မှန်းချက်အရ အမေရိကန်၏ ပဲပုပ်ထုတ်လုပ်မှုမှာ ယခင်နှစ်ကထက် (၁.၃) ရာခိုင်နှုန်းကျဆင်း၍ ဘူရှယ် (၄.၃၇၈) ဘီလီယံရှိမည်ဟု သိရပါသည်။ ပဲပုပ်ပေါ်ချိန် ပျမ်းမျှဈေးနှုန်းမှာ တစ်ဘူရှယ်လျှင် (၁၄.၃၅) ဒေါ်လာဖြစ်ပြီး၊ ဩဂုတ်လနှင့် ဈေးနှုန်းအတူတူ ဖြစ်ပါသည်။ ဥရောပသမဂ္ဂဘက်တွင် အခြားဆီထွက်သီးနှံများကို ပိုမိုများပြားစွာရောင်းချနေမှုကြောင့် ၂၀၂၂-၂၃ အတွက် ပဲပုပ်တင်သွင်းမှုမှာ ကျဆင်းကြောင်း သိရပါသည်။ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ပဲပုပ်အသစ်ပေါ်တော့မည်ဖြစ်ရာ ဈေးနှုန်းကျဆင်းရန်အတွက် ဖိအားများ ဖြစ်နေပါသည်။ နိုဝင်ဘာလအတွက် ကြိုရောင်းကြိုဝယ်ဈေးနှုန်းတွင် (၆.၂၅) ရာခိုင်နှုန်းကျဆင်းကာ အမေရိကန်ဒေါ်လာ (၁၄.၅၅) သို့လည်းကောင်း၊ ဇန်နဝါရီလအတွက် ကြိုရောင်း ကြိုဝယ်ဈေးနှုန်းတွင် (၆) ရာခိုင်နှုန်းကျဆင်းကာ အမေရိကန်ဒေါ်လာ (၁၄.၆၁) သို့လည်းကောင်း ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပါသည်။


ကမ္ဘာပေါ်တွင် ပဲပုပ်အများအပြားတင်သွင်းသည့် တရုတ်နိုင်ငံဘက်တွင်လည်း ဈေးနှုန်းများ ပိုမိုမြင့်မားနေသဖြင့် ဘရာဇီးလ်နိုင်ငံမှ တင်သွင်းမှုမှာ မက်ထရစ်တန်ချိန် (၉.၀၄) သန်းမှ (၆.၂၅) သန်းသို့ (၃၀.၈၆) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အမေရိကန်မှ တင်သွင်းခဲ့မှုမှာ တန်ချိန် (၂၈၆,၇၆၂) တန် ရှိခဲ့ပါသည်။ ဩဂုတ်လအတွင်း ကုန်သွယ်မှုမိတ်ဖက်နိုင်ငံသစ်များဖြစ်သည့် ဥရုဂွေးနိုင်ငံမှ (၃၅၀,၃၄၂) တန်နှင့် အာဂျင်တီးနားမှ (၁၉၇,၇၇၀) တန် တင်သွင်းခဲ့ပါသည်။

## ဆီထွက်သီးနှံများ

### ကမ္ဘာ့နေကြာဆီဈေးနှုန်း (ဒေါ်လာ/မက်ထရစ်တန်)


စက်တင်ဘာလအတွင်း နေကြာဆီမှာ မက်ထရစ်တစ်တန်လျှင် (၂၁၀) ဒေါ်လာကျဆင်း၍ (၁,၂၇၀) ဒေါ်လာ ဖြစ်ခဲ့ပါသည်။ နေကြာဆီများကို တရုတ်နိုင်ငံက တင်သွင်းရာတွင် ပင်လယ်နက်ဘက်၌ ပဋိပက္ခဖြစ်ပွားနေမှုကြောင့် အဆင်မပြေဘဲဖြစ်နေဆဲ ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နေကြာဆီရောင်းလိုအားပမာဏမှာ အဆင်ပြေနေဆဲ ဖြစ်ပါသည်။ ယူကရိန်းတွင် Danube ရှိ ကုန်းတွင်းဆိပ်ကမ်းမှတစ်ဆင့် ကုန်သွယ်မှုများပြုလုပ်နေပြီဖြစ်ပြီး၊ ယူကရိန်း၊ ရုရှားနှင့် တူရကီတို့က Odessa ဆိပ်ကမ်းမှ အစေ့နှင့် ဆီများ သယ်ယူပို့ဆောင်နိုင်ရေးအပေါ် ကူညီရန် သဘောတူညီချက်ကိုလည်း လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါသည်။ အောက်ဖော်ပြပါ ဂရပ်ဖ်ပုံတွင် ကမ္ဘာ့နေကြာဆီဈေးနှုန်းအတက်အကျကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ဖော်ပြထားပါသည် -

Agribusiness & Trade




**စားအုန်းဆီကြမ်းဈေးနှုန်း (ဒေါ်လာ/မက်ထရစ်တန်)**

စားအုန်းဆီဈေးနှုန်းမှာ တစ်လအတွင်း ဆက်လက်ကျဆင်းခဲ့ပြီး၊ စက်တင်ဘာလကုန်တွင် မက်ထရစ်တစ်တန်လျှင် ဒေါ်လာ (၁,၀၀၀)အောက် ကျဆင်းခဲ့ပါသည်။ မလေးရှားစားအုန်းဆီ ဘုတ်အဖွဲ့၏ အစီရင်ခံစာအရ ဩဂုတ်လတွင် ယခင်လကထက် (၁၀)ရာခိုင်နှုန်း မြင့်တက်ခဲ့၍ မက်ထရစ်တန်ချိန် (၁.၇) သန်းရရှိခဲ့ကာ၊ ကုန်လက်ကျန်ပိုင်းတွင်လည်း ယခင်လကထက် (၁၈) ရာခိုင်နှုန်း မြင့်တက်ခဲ့၍ မက်ထရစ်တန်ချိန် (၂)သန်းကျော်ရှိကြောင်း သိရပါသည်။ အင်ဒိုနီးရှား နိုင်ငံဘက်မှ အများအပြားသိုလှောင်ထားသည့် စားအုန်းဆီ လက်ကျန်များကို ပိုမိုသက်သာသည့် ဈေးနှုန်းဖြင့် ထုတ်ရောင်းနေမှုကြောင့် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းမှာ ဆက်လက်အားနည်းနေမည် ဖြစ်ပါသည်။ အောက်ဖော်ပြပါ ဂရပ်ဖ်ပုံတွင် ကမ္ဘာ့စားအုန်းဆီဈေးနှုန်း အတက်အကျကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ဖော်ပြထားပါသည် -




ရင်းမြစ်၊ Tridge.com

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

.....................................................................................................